# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 16, 2020 Volume 29, Number 9


**၁၆.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၁၃/- ကျပ် |
| CBM Rate | = ၁၄၁၃.၀ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၄.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၄.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၇၂.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၁.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၀၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၅၈၀၀ ဝင်ရောက်ရန်လျာထားပြီး ငါးလကျော်အတွင်း ဒေါ်လာသန်း ၂၈၀၀ နီးပါး ဝင်ရောက်မြှုပ်နှံ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၅၈၀၀ အထိ ဝင်ရောက်ရန်ခန့်မှန်းထားပြီး ငါးလကျော်အတွင်း ဒေါ်လာသန်း ၂၈၀၀ နီးပါး ဝင်ရောက်မြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းလေးခု၊ အတည်ပြုလုပ်ငန်း ၂၁ ခုခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်းလေးခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း ၁၉ ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း တစ်ခုခွင့်ပြုခဲ့သည်။

အဆိုပါအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း ၂၅ ခုမှ ရင်းနှီး မြှုပ်နှံမှုပမာဏ ဒေါ်လာ ၉ ဒသမ ၄၆၉ သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၄၁၈၇ ဦးကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ခွင့်ပြု/အတည်ပြုလုပ်ငန်း ၂၅ ခုမှာ ဟိုတယ်ကဏ္ဍမှတစ်ခု၊ မွေး/ရေကဏ္ဍမှ တစ်ခု၊ အခြားကဏ္ဍမှလေးခုနှင့် စက်မှုကဏ္ဍမှ ၁၉ ခု

ဖြစ်ကြောင်းသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၆ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃၆ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၀၆၅ ဒသမ ၁၁၇ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၂၇၀၄ ဒသမ ၄၄၁ သန်းဖြစ်သည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၆ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၄ ဒသမ ၂၆၇ သန်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၆ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၇၈၈ ဒသမ ၇၀၈ သန်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သတင်းထုတ်ပြန်ထားသည်။ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ် အဆင့်ရှိသည့်နိုင်ငံ ဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက် ရှိပြီဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း၏ အခြေပြုကိစ္စရပ် (Base case) အပေါ်အခြေခံ၍ တွက်ချက်ထားသည့် ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များ (Investment Target) များမှာ ကာလတိုငါးနှစ်ဖြစ်သည့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိတွင် နှစ်စဉ်ဒေါ်လာ ၅ ဒသမ၈ ဘီလျံ၊ ကာလလတ်ငါးနှစ်ဖြစ်သည့် ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၈ ဒသမ ၅ ဘီလျံ၊ ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀ -၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလျံ၊ ၂၀၃၁-၂၀၃၁ ခုနှစ်မှ ၂၀၃၅-၂၀၃၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလျံအထိ ရရှိရန် အသီးသီးခန့်မှန်းထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/164162

## ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ခြင်းနှင့် ကျွဲ၊ နွားများကို ပြည်တွင်း၌ သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သော ကိစ္စတစ်စုံ တစ်ရာ မပေါ်ပေါက်နိုင်စေရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၂.၅.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၉ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့ အောက်ဖော်ပြပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ကျွဲ ၊ နွားများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်သည်။

၂။ မည်သူမဆို ကျွဲ ၊ နွားများကို ပြည်တွင်း၌ သယ်ဆောင်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ကျွဲ ၊ နွားများကို ခရိုင်အတွင်းမြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ သယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသောတိရစ္ဆာန် ကျန်းမာရေး ထောက်ခံချက်လက်မှတ် ( AHD/PC-3 ) မူရင်း ၊ သက်ဆိုင်ရာခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးက ထုတ်ပေးသော ကျွဲ ၊ နွားသယ်ဆောင်ခွင့်လက်မှတ်မူရင်းတို့နှင့်အတူ သယ်ဆောင်ရမည်။

(ခ) ကျွဲ ၊ နွားများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ခရိုင်တစ်ခုမှ အခြားခရိုင်တစ်ခုသို့ သယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန် ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3) မူရင်း၊ သက်ဆိုင်ရာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပေးသော ကျွဲ ၊ နွားသယ်ဆောင်ခွင့်လက်မှတ် မူရင်းနှင့် ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ စိစစ်ပြီး ခွင့်ပြုကြောင်းအကြောင်းကြားစာ တို့နှင့်အတူ သယ်ဆောင်ရမည်။

(ဂ) ကျွဲ၊ နွားများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ သယ်ဆောင်ရာတွင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်( AHD/ PC-3) မူရင်း၊ သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော ကျွဲ ၊ နွားသယ်ဆောင်ခွင့်လက်မှတ်မူရင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ်ပြီး ခွင့်ပြုကြောင်း အကြောင်းကြားစာတို့နှင့်အတူ သယ်ဆောင်ရမည်။

၃။ မည်သူမဆို ကျွဲ၊ နွားများကို ပြည်တွင်း၌ သယ်ဆောင်ရာတွင် ဤအမိန့်ပါအတိုင်း လိုက်နာ ဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပါရှိပါသည်။

Source: Myantrade-TIR

## COVID-19 ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာတွင် စီးပွားရေးကျဆင်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း MIC အတွင်းရေးမှူးပြောကြား



COVID-19 ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာတွင် စီးပွားရေးကျဆင်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) အတွင်းရေးမှူး ဦးသန့်စင်လွင်က ပြောကြားသည်။ COVID-19 ဖြစ်ပေါ်နေတဲ့ အကျိုးဆက်အရ ရင်းနှီးမြှုပ်နှံမှု အပေါ် အကျိုးသက်ရောက်မှု အများစုရှိနိုင်တာကတော့ လုပ်သားအင်အား အသုံးပြုတဲ့ စက်ရုံလုပ်ငန်းတွေဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆိုသည်။

COVID-19 အကျိုးဆက်ကြောင့် ကုန်သွယ်ရေး၊ စီးပွားရေးအပေါ် ထိခိုက်နစ်နာမှုများ၊ ရပ်ဆိုင်းသွားသည့်စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင် အလုပ်သမားများ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် နိုင်ငံတော်က ကူညီပေးနိုင်မည့်နည်းလမ်းများ အမြန်ဆုံးရှာဖွေရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်၍ မတ် ၁၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းရောဂါ၏ အကျိုးဆက်ကြောင့် ပြည်တွင်းစီးပွားရေးကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ရိုက်ခတ်လာမည့် အကျိုးဆက်များနှင့် ထပ်မံဖြစ်ပေါ်လာနိုင်သည့် အခြားထိခိုက်နစ်နာမှုများကို လျှော့ချနိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ကြရန် အဆိုပါ အစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု၏ အကျိုးဆက်ကြောင့် ကုန်သွယ်ရေး၊ စီးပွားရေးအပေါ် ထိခိုက်နစ်နာမှုများ လျှော့ပါးသက်သာစေရေး၊ ရပ်ဆိုင်းသွားသည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်အလုပ်သမားများအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် နိုင်ငံတော်ကကူညီပံ့ပိုးပေးနိုင်မည့်နည်းလမ်းများ အမြန်ဆုံးပူးပေါင်းရှာဖွေရေး၊ တရုတ်နိုင်ငံ၌ စက်ရုံများ ပိတ်သိမ်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာမြန်မာသံရုံးအနေဖြင့် တရုတ်အစိုးရနှင့် ညှိနှိုင်း၍ အတတ်နိုင်ဆုံးကူညီပံ့ပိုးသွားရေးအပါအဝင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရကညွှန်ကြားချက်များနှင့် ပြည်သူလူထုထံပန်ကြားချက်များထုတ်ပြန်ရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်းသိရသည်။ COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပြည်တွင်းစီးပွားရေးသက်ရောက်မှုများဖြေရှင်းနိုင်ရန် ဝန်ကြီးဌာနများနှင့်အသင်းအဖွဲ့များ ပူးပေါင်း၍ တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲရန် ကော်မတီတစ်ရပ်ကို နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာ

အမှတ် ၄၆/၂၀၂၀ အဖြစ် မတ် ၁၃ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်ခြောက်ခုကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ကမ္ဘာ့နိုင်ငံအများအပြားတွင် လတ်တလောဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းများ ကျဆင်းနေမှုအပေါ် အရေးပေါ်စီမံဆောင်ရွက်မည့်နည်းလမ်းများ၊ ကာလတို၊ ကာလရှည် ဆောင်ရွက်မည့်နည်းလမ်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲနိုင်ရန်ဖြစ်သည်။ ထို့ပြင် စက်ရုံများရပ်ဆိုင်း၍ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စဉ် ကာလအတွင်း အခြားအလုပ်အကိုင်အသစ်များဖော်ဆောင်ပေးခြင်း၊ အလုပ်သမားများအတွက် အကျိုးရှိမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ COVID-19 ကဲ့သို့ ဖြစ်စဉ်များမှာ အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာနိုင်ရာ MIC လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းပစ္စည်းများရရှိရေးကို တရုတ်နိုင်ငံတစ်ခုတည်းကိုသာ အမှီပြုနေရခြင်းအစား အခြားနိုင်ငံများမှ ကုန်ကြမ်းပစ္စည်းများ ဖြန့်ခွဲရယူနိုင်ရေးပြင်ဆင်ဆောင်ရွက်ရန်တို့ဖြစ်သည်။

ကာလရှည် မျှော်မှန်းမှုအနေဖြင့် မိမိနိုင်ငံအတွင်း Weaving၊ Knitting၊ Dying and Sewing Industry များ ထူထောင်၍ Supply Chain တစ်ခုလုံး မိမိနိုင်ငံတွင်ထုတ်နိုင်ရေး အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။ ပြည်တွင်းအသေးစား၊ အငယ်စားနှင့်စီးပွားရေးလုပ်ငန်းများအပေါ် COVID-19 ဖြစ်စဉ်သက်ရောက်မှု ကြီးမားလာပါက အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးရေး နိုင်ငံတော်သမ္မတရုံးသို့ သုံးသပ်တင်ပြရန်တို့ဖြစ်သည်။ လိုအပ်ပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် သက်သာသည့်အတိုးနှုန်းဖြင့် ချေးငွေများထုတ်ပေးနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ သုံးသပ်တင်ပြရန်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/164290

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၁ သန်းကျော် ထပ်မံဝင်ရောက်

နိုင်ငံတကာတွင် COVID-19 ပျံ့နှံ့နေချိန်တွင် ဟိုတယ်၊ မွေးမြူရေးနှင့် စက်မှု လုပ်ငန်း ၂၅ ခုမှ အမေရိကန်ဒေါ် လာ ၉၁ သန်းကျော် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးသန့်စင်လွင်က ပြောသည်။ ကော်မရှင်၏ အဆိုပြုလုပ်ငန်းလေးခုနှင့် ရန်ကုန်အပါအဝင် တိုင်းနှင့်ပြည်နယ်များမှ အတည်ပြုလုပ်ငန်း ၂၁ ခု ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ မတ်လ ၆ ရက်အထိ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် အသက်အာမခံလုပ်ငန်းများ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းကန်ဒေါ်လာ သုံးဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာသည်။ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရရှိမည်ဟု မူလကမျှော်မှန်းထားပြီး လက်ရှိတွင် COVID-19 ၏ အကျိုးသက်ရောက်မှုကို မှန်းဆမရနိုင်ကြောင်း ဦးသန့်စင်လွင်ကပြောသည်။

လုပ်သားအင်အားအများစုလုပ်ငန်းမျိုး၊ ပြည်ပမှကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အထိုက်အလျောက် ထိခိုက်နိုင်သည်ဟုဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန် အစိုးရကခွင့်ပြုနိုင်မည့် အခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာခွင့်ပြုမိန့်ချထားပေးနိုင်ခြင်းတို့ဖြင့် အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်သည်ဟု ဦးသန့်စင်လွင်က ရှင်းပြသည်။

**Source:** https://7day.news/detail?id=181473

## မြေပြင်ဒေသာကျွန်း၌ ဖရဲ၊ သခွားမွေး ရောင်းချမည့်အစီအစဉ် ထပ်မံပြုလုပ်မည်

နယ်စပ်ဝယ်လိုအားလျော့ကျနေသည့် ဖရဲ၊ သခွားမွေးများကို ပြည်တွင်းစားသုံးမှုနှင့်ဝယ်လိုအားမြင့်တက်ရန် ဖေဖော်ဝါရီနောက်ဆုံးပတ်က ဖရဲ၊ သခွားမွေးပွဲတော် ပထမဆုံးအကြိမ်ပြုလုပ်ရာအောင်မြင်သဖြင့် ထပ်မံရောင်းချခွင့်ပြုကြောင်း မြန်မာ

နိုင်ငံသစ်သီးဝလံအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောကြားသည်။

မြေပဒေသာကျွန်းတွင် မတ်လ ၁၇ ရက်မှ ဧပြီ ၃၀ ရက်ထိ ဖရဲ၊ သခွားမွေးရောင်းချရန် အစိုးရက ကနဦးခွင့်ပြုခဲ့ကြောင်း ဦးစိုးသန်းမင်းဒင်ကပြောသည်။ “လူစုလူဝေးမဖြစ်စေချင်တဲ့အတွက် ပွဲတော်သဘောမဟုတ်တော့ဘဲ ဈေးရောင်းချဖို့ပဲခွင့်ပြုတယ်။ နယ်စပ်ကုန်သွယ်ရေးလျော့ကျနေတဲ့အချိန် အခုလိုထပ်မံခွင့်ပြုပေးတာ တောင်သူတွေအတွက်အခွင့်အလမ်းဖြစ်စေတယ်”ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏စာရင်းအရ ငါးရက်ကြာပြုလုပ်သည့် ပထမအကြိမ် ဖရဲ၊ သခွားမွေးပွဲတော်မှ အသီးရောင်းချမှုသည် တန်ချိန် ၁၂၀ ကျော်ရှိပြီး မျှော်မှန်းထားသည်ထက် နှစ်ဆပိုများသည်။

COVID-19 ကြောင့် မူဆယ်-ရွှေလီနယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံက အဓိကဝယ်ယူနေသည့် ဖရဲ၊ သခွားဈေးကွက်သည် လက်ရှိအချိန်အထိ အရောင်းအဝယ်တုံ့ဆိုင်းနေဆဲဖြစ်ပြီး ပုံမှန်ဈေးကွက်သို့ပြန်ရရန် ကာလရှည်ကြာ စောင့်ဆိုင်းရဦးမည်ဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်အသင်း ဒုဥက္ကဋ္ဌ ဦးအောင်သက်ဦးကပြောသည်။ တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားတင်ပို့မှုသည် ၂၀၁၆-၁၇ မှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အထိ ဒေါ်လာသန်း ၃၀၀ ကျော်ရရှိ သည်။ ၂၀၁၉ က ဖရဲ၊ သခွားမွေး တန်ချိန် ရှစ်သိန်းကျော် တရုတ်နိုင်ငံသို့ တင်ပို့ထားသည်။ ကယားနှင့်ချင်းပြည်နယ်မှလွဲ၍ မြန်မာနိုင်ငံတွင် ဖရဲနှင့်သခွားမွေး စိုက်ပျိုးထုတ်လုပ်နေပြီး မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက် ပျိုးထုတ်လုပ်ရောင်းချသူများအသင်းစာရင်းအရ နိုင်ငံတစ်ဝန်း ဖရဲစိုက်ဧက ၉၃,၅၀၀၊ သခွားမွေးဧက ၃၄,၁၅၀ ရှိသည်။

**Source:** https://7day.news/detail?id=181472

## ပြည်တွင်းစားသုံးရန် ဆန်လုံလောက်ရုံမက အပိုအလျှံပင်ရှိ



ပြည်တွင်းစားသုံးရန် ဆန်လုံလောက်ရုံတင်မက အပိုအလျှံပင်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မတ် ၁၃ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က COVID-19 ကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးနောက် ပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာအသုံး အဆောင်များ ဝယ်ယူစုဆောင်းမှုပြုလုပ်လျက်ရှိသဖြင့် စိုးရိမ်မှုမရှိစေရန် ထုတ်ပြန် ခြင်းဖြစ်ကြောင်း သိရသည်။ လတ်တလောအခြေအနေတွင် ပြည်တွင်း ဆန်စပါးဈေးကွက် တည်ငြိမ်စေရေးအတွက် အစိုးရဌာနများ အပါအဝင် ဘက်အသီးသီးနှင့်ပေါင်းစပ်ညှိနှိုင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေရန်နှင့်ဖူလုံမှုရှိစေရန် ဦးစားပေး၍ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

''လူတွေ စိုးရိမ်ပြီး မလိုအပ်တာ တွေ ဖြစ်မှာစိုးလို့ ထုတ်ပြန်ပေးတာပါ။ ကျွန်တော်တို့ဆီမှာ Exporters ကုမ္ပဏီတွေ ရှိတယ်။ နိုင်ငံတော်က အစိုးရဘတ်ဂျက်နဲ့ တောင်သူလယ်သမားတွေဆီကနေ ဆန်စပါးဝယ်ထားတာရှိတယ်။ စပါးဈေးနှုန်းကျဆင်းချိန် တုန်းက အခြေခံရည်ညွှန်းဈေးနှုန်း ကျပ်ငါးသိန်းနဲ့ ဝယ်ထားတာတွေရှိတယ်။ အရန်ဆန်စပါး တင်းပေါင်း ၁၇ သိန်းကျော်ရှိတယ်။ Exportersတွေမှာရော၊ ဆန်ကုန်သည်တွေမှာ ရော၊ ဆန်စက်ပိုင်တွေမှာပါ ဆန်တွေ အများကြီးရှိပါတယ်။ အခုတောင် နွေစပ ါးစထွက်နေပြီ။ မတ်လကုန်ရင်လှိုင်လှိုင်ပေါ်မယ်။ အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ပါတယ်၊ လုံလောက်တဲ့အပြင် အများကြီးပိုပါတယ်။ စိုးရိမ်စရာမရှိပါဘူး''ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အတွင်းရေးမှူးဦးနေလင်းဇင်က မြန်မာတိုင်းမ်သို့ပြောသည်။

ထို့ပြင် ဈေးကွက်အတွင်း ဆန်ဈေးတက်ရန်အလားအလာရှိပါက အစိုးရတွင်ရှိသော အရန်ဆန်၊ Exporters ၊ ဆန်ကုန်သည်များနှင့် ဆန်စက်ပိုင်ရှင်တို့၌ရှိသော ဆန်များရောင်းချပေးကာ ဈေးတက်ခြင်းကိုထိန်းချုပ်သွားမည်ဟု ဦးနေလင်းဇင်က ပြောသည်။ ''ဒါတွေကိုလည်း အကုန်လုံးကျွန်တော်တို့ စီစဉ်ထားပြီးသားပါ။ လိုအပ်ရင်တော့ နိုင်ငံတော်အစိုးရကလည်း ပြည်သူတွေအတွက် မထုတ်ရောင်းဘဲမနေပါဘူး''ဟု ၎င်းကပြောသည်။ ပြည်ပတင်ပို့ရောင်းချမှုကိုလည်း Exportersများနှင့်

ညှိနှိုင်းပြီး စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရန်အတွက် အစိုးရထံတင်ပြအကြံပြုသွားမည်ဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/136750.html

## ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း အတက်အကျကြမ်းခဲ့ပြီး တစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်း ကျပ် ၁၃၂၀ ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ကျပ် ၁၄၄၀ ဝန်းကျင်ဖြစ်ပေါ်



ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း အတက်အကျကြမ်းခဲ့ပြီး မတ် ၇ ရက်မှ မတ် ၁၃ ရက်အတွင်း အနိမ့်ဆုံးနှုန်း ကျပ် ၁၃၂၀ ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ကျပ် ၁၄၄၀ ဝန်းကျင် ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှ သိရသည်။ ယခုတစ်ပတ် မတ် ၁၀ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၁၃၂၀ ဝန်းကျင်အထိ ကျဆင်းခဲ့သော်လည်း မတ် ၁၃ ရက်တွင် တစ်ဒေါ်လာ ကျပ် ၁၄၄၀ အထိ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက် တွင် ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်း ၉၇ ပွိုင့်အထက် ရောက်ရှိပြီး ကမ္ဘာ့ဈေးကွက်တွင် ဒေါ်လာဈေး ပြန်လည်မြင့်တက်လာသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း လေလံဈေးကွက်မှ တစ်ဆင့် ဗဟိုဘဏ်ဒေါ်လာဝယ်ယူခြင်းနှင့် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်း လျှော့ချခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်၌ ဒေါ်လာဈေး လေးရက်အတွင်း ကျပ် ၁၂၀ အထိ ပြန်လည်မြင့်တက်လာခဲ့သည်။ လေးရက်အတွင်း အနိမ့်ဆုံး- အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သော နိုင်ငံခြားငွေလဲနှုန်းများမှာ မတ် ၁၀ ရက်တွင် ကျပ် ၁၃၂၀-၁၃၈၀၊ မတ် ၁၁ ရက်တွင် ကျပ် ၁၃၆၀-၁၄၀၀၊ မတ် ၁၂ ရက်တွင် ကျပ် ၁၃၉၀-၁၄၂၀၊ မတ် ၁၃ ရက်တွင် ကျပ် ၁၄၁၀-၁၄၄၀ အထိ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်းများမှာ စက်တင်ဘာတွင် ၉၉ ဒသမ ၂၈ ပွိုင့်၊ အောက်တိုဘာတွင် ၉၉ ဒသမ ၂၉ ပွိုင့်၊ နိုဝင်ဘာတွင် ၉၈ ဒသမ ၄၃ ပွိုင့်၊ ဒီဇင်ဘာတွင် ၉၈ ဒသမ ၂၉ ပွိုင့်၊ ဇန်နဝါရီတွင် ၉၈ ဒသမ ၀၀၇ ပွိုင့်၊ ဖေဖော်ဝါရီတွင် ၉၉ ဒသမ ၈၁၂ ပွိုင့် ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစ၍ သိသိသာသာမြင့်တက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့်ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံးစံချိန် ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ် အထိပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ် အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ် ဝန်းကျင်ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်၊ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်မှစ၍ ကျပ် ၁၄၀၀ အောက် ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြားငွေလဲနှုန်း အနိမ့်ဆုံးနှင့်အမြင့်ဆုံးနှုန်းများမှာ ၂၀၁၉ ခုနှစ် မတ်တွင် ၁၅၀၈ -၁၅၂၇ ကျပ်၊ ဧပြီ တွင် ၁၅၀၄-၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆-၁၅၃၈ ကျပ်၊ ဇွန်၌ ၁၅၁၇- ၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ စက်တင်ဘာတွင် ၁၅၂၇- ၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်၊ ဒီဇင်ဘာတွင် ၁၄၈၅-၁၅၁၃ ကျပ်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ၌ ၁၄၆၅-၁၄၉၃ ကျပ်၊ ဖေဖော်ဝါရီ၌ ၁၄၃၆- ၁၄၆၅ ကျပ်တို့ ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၅၅၀ ကျပ်၊ စင်ကာပူ ဒေါ်လာ ၁၀၁၀ ကျပ်၊ မလေးရှားရင်းဂစ် ၃၃၀ ကျပ်၊ ထိုင်းဘတ် ၄၄ ဒသမ ၇ ကျပ်၊ တရုတ်ယွမ် ၂၀၀ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/164288

## ကြက်သွန်နီဈေး ထပ်မံကျဆင်းနေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း အဝယ်ရပ်



မန္တလေး ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အောက်သို့ ထပ်မံကျဆင်းနေသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း ဝယ်ယူမှုရပ်တန့်သွားကြောင်း မန္တလေးမြို့ ကြက်သွန်ပွဲရုံများထံမှသိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်ခါနီးတွင် မန္တလေးကြက်သွန်နီဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဝန်းကျင် ရှိနေခဲ့ကြောင်းသိရသည်။ သို့သော် လက်ရှိအချိန်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့ကာ အရောင်းအဝယ်လည်းအေးသွားပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း လွန်ခဲ့သည့် တစ်ပတ်မှစတင်ကာ အဝယ်ရပ်တန့်သွားခဲ့ကြောင်းသိရသည်။ "နယ်အစုံ ပေါ်လာနေတာဖြစ်တဲ့အတွက် ဈေးကထပ်ကျဦးမယ် ဘင်္ဂလားဒေ့ရှ်ကတော့ သူတို့ငွေဈေးကျတဲ့အတွက် အဝယ်ရပ်တာ တစ်ပတ်လောက်ရှိနေပြီ " ဟု မန္တလေးမြို့ ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောသည်။

သို့သော် တရုတ်ကုန်သည်များ အနေဖြင့် တရုတ်ပြည်တွင်းမှ အဝယ်ရှိပါက လိုသည့်ပမာဏကို တင်ပို့ပေးရသော်လည်း၊ တင်ပို့မှုပမာဏများပြားခြင်း မရှိကြောင်းသိရသည်။ "တရုတ်ဘက်က ဗိုင်းရပ်စ်အခြေအနေနဲ့ဆိုတော့အများကြီးပို့လို့မရဘူး တစ်စီးတလေပဲပို့နေကြတယ်။ လောလောဆယ်မှာတော့ ပြည်တွင်းမှာ ကြက်သွန် အရောင်းအဝယ်ကတော့ မဖြစ်သလောက်ပဲ" ဟု ၎င်းကပြောသည်။ ယင်းအပြင် လာမည့်မတ်လကုန်ခန့်တွင် နယ်ဒေသအစုံ ကြက်သွန်ပေါ်များစွာထွက်ရှိတော့မည်ဖြစ်သည့် အတွက် ကြက်သွန်နီဈေးမှာ ဧပြီလကုန်ခန့်အထိ တဖြည်းဖြည်းဆက်လက်ကျဆင်းသွားနိုင်သည့် အခြေအနေရှိနေကြောင်း သိရသည်။ လက်ရှိတွင် မန္တလေးကြက်သွန်ဈေးကွက်သို့ မြစ်သားကြက်သွန်နီများဝင်ရောက်နေပြီး တစ်ရက်လျှင် ပိဿာချိန် ရှစ်သောင်း၊ တစ်သိန်းခန့် နေ့စဉ်ဝင်ရောက်နေကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/8959887

## ဘတ်ငွေဈေးမတည်ငြိမ်၍ ထိုင်းနိုင်ငံသို့တင်ပို့သည့် မြန်မာ့ပြောင်းကုန်သည်များ အရှုံးပေါ်နေ

ထိုင်းဘတ်ငွေဈေးနှုန်းမတည်ငြိမ်မှုကြောင့် ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် မြန်မာ့ပြောင်းဆန်ကုန်သည်များ အရှုံးပေါ် နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ "အရင်က ထိုင်းတစ်ဘတ်ကို ၄၈ ကျပ်လောက်ကနေ အခု တစ်ဘတ်ကို ၄၀ ဝန်းကျင်လောက်အထိ ကျသွားတယ်။ နှစ်နိုင်ငံကုန်သည်တွေအနေနဲ့ သတ်မှတ်ချက်အတိုင်း ပို့နေ ပေမယ့် ဈေးနှုန်းအရ တွက်ခြေကိုက်မှုမရှိတာတွေရှိတယ်။ နိုင်ငံခြားငွေတန်ဖိုးကျပြီဆိုတာနဲ့ သူတို့ဝယ်ထားတဲ့ဈေးနဲ့ မကိုက်တော့ဘူး။ များသောအားဖြင့် ပို့ကုန်မှာ နိုင်ငံခြားငွေ တန်ဖိုးကျရင် ပို့ကုန်လုပ်ငန်းရှင်တွေ အနည်းနဲ့အများတော့



ထိခိုက်တယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ် နေ့စဉ်သို့ပြောသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ မြေပဲ၊ ပြောင်းဆန်၊ ကြက်သွန်နီ၊ ဆန်ကွဲတို့တင်ပို့နေပြီး လက်ရှိအချိန်တွင် ပြောင်းဆန် တစ်ခုတည်းကိုသာ နေ့စဉ်တန်ချိန်သောင်းနှင့်ချီတင်ပို့နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ထိုင်းနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်မှစတင်၍ ပြောင်းဆန်တင်ပို့ခဲ့ခြင်းဖြစ်ပြီး ယင်းသို့တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အခွန်ကင်းလွတ်ခွင့်ပြု ထားကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံ၏ တောင်သူလယ်သမားအကျိုးစီးပွားကိုကာကွယ်သောအားဖြင့် နှစ်စဉ်ထိုင်းနိုင်ငံ၌

ပြောင်းထွက်ရာသီမဟုတ်သည့် ဖေဖော်ဝါရီလမှသြဂုတ်လအထိသာ တင်ပို့ခွင့်ပြုထားပြီး ယင်းလများကျော်လွန်တင်ပို့ပါက အခွန်ပေးဆောင်ရကြောင်း ပြောင်းဆန်ကုန်သည် ဦးအောင်မြင့်ဦးကပြောသည်။ "လက်ရှိပြောင်းဆန်ကို မြန်မာက ရောင်းလိုအားများနေတယ်။ ထိုင်းက ဘတ်ဈေးအရ ဈေးကတည်ငြိမ်နေတယ်။ မြန်မာငွေဈေးတက်တော့ တောင်သူဈေး၊ ပွဲရုံဈေး၊ ကားခတွက်ရင် ထိုင်းကဝယ်ရင်မရောင်းနိုင်ဘူး။ လက်ရှိဈေးကွက်ကရှိတယ်။ လက်ရှိငွေဈေးကမောက်ကမဖြစ်တော့ ကုန်သည်တွေ အရမ်းနစ်နာပါတယ်။ ကုန်သည်ထိခိုက်ရင် လယ်သမားကိုပါ ရိုက်ခတ်လာပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံသို့ပြောင်းဆန်တင်ပို့နေသည့် ကုန်သည် ၂၀ ခန့်ရှိပြီး ကားတစ်စီးလျှင် ကျပ်ငါးသိန်းမှ ခုနစ်သိန်းခန့်အထိ အရှုံးပေါ်နေကြောင်းသိရသည်။ ယခင်က ပုံမှန်အရောင်းအဝယ်အရ တစ်ရက်လျှင် ပြောင်းဆန်ကားစီးရေ ၃၀၀ ခန့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသော်လည်း လက်ရှိကားစီးရေ ၁၀၀ ကျော်သာတင်ပို့နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136732.html

## ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာ

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ နွားထိုးကြီးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ စလင်းနှင့် ပွင့်ဖြူစသည့်ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။ အဆိုပါပဲများမှာ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ဇန်နဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ထောပတ်ပဲ (အကြီး)မှာ ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့်လည်းကောင်း အဖွင့်ဈေးစခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ထောပတ်ပဲ (အကြီး)မှာ ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ (အသေး)မှာ ငွေကျပ် ၅၈၀၀၀ နှုန်းဖြင့်လည်းကောင်း တရုတ်ဝယ်လက်များက ဈေးပေးဝယ်ယူလျက်ရှိသည်။ “ထောပတ်ပဲက ပြည်တွင်းမှာ စားသုံးသလို ပြည်ပပို့ကုန်အဖြစ်လည်း အထွက်နှုန်းရဲ့ ၈၀ ရာခိုင်နှုန်း ကို တင်ပို့ရောင်းချနေရတယ်။ ထောပတ်ပဲ(အကြီး)ကို ဂျပန်နိုင်ငံကနှစ်စဉ်ဝယ်ယူလေ့ရှိပြီး တရုတ်နိုင်ငံကတော့ အကြီးရောအသေးရော ပုံမှန်ဝယ်ယူနေကြတယ်။ လက်ရှိဈေးကွက်မှာလည်း တရုတ်ဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေ အပြိုင်ဝယ်ယူနေကြတယ် ” ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) ကပြောသည်။ ယခုကာလ၌ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါကြောင့် ပဲဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်များ အေးစက်နေသော်လည်း ထောပတ်ပဲ မှာမူ တရုတ်ငွေကြေး အနည်းငယ်မြင့်တက်လာမှုကြောင့် လက်ရှိ အချိန်တွင် ဝယ်လိုအား ပိုမိုကောင်းမွန်ကာ ဈေးနှုန်းမှာလည်း ထင်သလောက်ကျဆင်းမှုမရှိကြောင်း ၎င်းကပြောသည်။ ထောပတ်ပဲကို မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာစိုက်ပျိုးကြပြီး နိုင်ငံတော်မှ ပြည်ပပို့ကုန်အဖြစ် အထွက်နှုန်းတိုးစေရန် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ နွားထိုးကြီးနှင့် မလှိုင်မြို့နယ်များ၌ စံပြစိုက်ခင်းများဖြင့် စိုက်ပျိုးထားရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## မူဆယ်ကုန်သွယ်ရေးဇုန်တွင် GAP သခွားမွှေးများ စတင်ရောင်းချ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices) နှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားသည့် သခွားမွှေးများကို မတ်လ ၁၄ ရက်နေ့မှစတင်ကာ ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှသိရသည်။ GAP သခွားမွှေးများကို အရှေ့မြောက်တံခါးကုမ္ပဏီအရောင်းကွင်းတွင် ပုံမှန်သခွားမွှေးရောင်းဝယ်မှုများကြားမှ GAP တံဆိပ်နှိပ်၍ ပထမဆုံးစတင် ရောင်းချခြင်းဖြစ်သည်။ စတင်ရောင်းချသည့်နေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့်အတူ အခမ်းအနားဖြင့် ကြေညာရောင်းချပါသော်လည်း GAP လက်မှတ် လျှောက်ထားရရှိသူနည်းပါးခြင်း၊ GAP အရောင်းတန်း

သီးသန့်မရှိသေးခြင်းတို့ကြောင့် လူအသိနည်းစွာ အရောင်းအဝယ်ပြုလုပ်ရခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှသိရသည်။ စတင်ရောင်းချသည့် GAP သခွားမွှေးများမှာ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ကမ်းဖြူရွာမှ ဦးကျော်မင်း GAP သခွားမွှေးခင်းမှ အသီးများဖြစ်ပြီး GAP သခွားမွှေးတစ်ကီလိုလျှင် တရုတ်ငွေ ၄ ယွမ်ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားမွှေး စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှသိရသည်။

မူဆယ်ကုန်သွယ်ရေးဇုန်တွင် မတ်လ ၁၅ ရက်နေ့တွင်ဖြစ်ပေါ်သည့် အရောင်းအဝယ်မှာ ဖရဲဈေးနှုန်းများကျဆင်း သွားပြီး ရန်ကုန်၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်ရှိ ဖရဲအများစုမှာ အမှည့်လွန်နေသည်ကိုတွေ့ရှိရကာ ဖရဲသီးကားအဝင်စီးရေ မှာ ၅၀ ကျော်ရှိပြီး ရောင်းမထွက်သည့်အစီးရေမှာ ၁၀ စီးကျော်ကျန်ရှိကြောင်း ခွာညိုသစ်သီးပွဲရုံထံမှသိရသည်။ ၈၅၅ ဖရဲ ၁၆ တန်စီးပြတ်ဈေးနှုန်းမှာ တရုတ်ငွေယွမ် ၇,၀၀၀ မှ ၁၈,၀၀၀ ပေါက်ဈေးရှိပြီး ထဲန်ဝမ်စီးပြတ်ဈေးနှုန်းမှာ ယွမ် ၂၅,၀၀၀ မှ ၃၅,၀၀၀၊ ရွေးသခွားတစ်ကီလိုလျှင် ၂ ဒသမ ၂ ယွမ်မှ ၄ ယွမ်အထိပေါက်ဈေးရှိကြောင်း ယင်းပွဲရုံထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/335674/

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆန်စပါးဈေးကွက်တည်ငြိမ်ရေး အစိုးရနှင့်ဆန်စပါးအသင်းချုပ်ဆွေးနွေး

ကိုရိုနာဗိုင်းရပ်စ် (ခေါ်) COVID-19 ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ဆန်စပါးဈေးကွက် အတက်/အကျကို ပုံမှန်အတိုင်း တည်ငြိမ်မှု ရှိစေရေး နိုင်ငံတော်အစိုးရဌာန၊ ဆန်စပါးကုန်သည်များ၊ ဆန်ဖြန့်ဖြူး ရောင်းချသူများ၊ ကုန်စည်ဒိုင်များ၊ ပြည်ပ သို့ တင်ပို့နေသော exporters များ တွေ့ဆုံ၍ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၃ ရက်က ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က COVID-19 ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးနောက် ပြည်သူလူထုများ သည် စားနပ်ရိက္ခာ အသုံးအဆောင်များအား ကြိုတင်စုဆောင်း ဝယ်ယူလာကြသည့်အတွက် ယခုလိုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကပြောသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဆန်စပါးအသင်းချုပ်အနေနှင့် ကိုရိုနာဗိုင်းရပ်စ် (ခေါ်) COVID-19 ၏ နေ့စဉ် ဖြစ်ပေါ် ပြောင်းလဲ နေမှုနှင့် ပြည်တွင်း/ပြည်ပ ဈေးကွက်များအပေါ် သက်ရောက်မှုကို အသင်းချုပ်အနေဖြင့် နေ့စဉ်လေ့လာသုံးသပ်ပြီး ဆန်စပါး ကုန်သည်များ၊ ဆန်ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်ဒိုင်များဖြင့် ညှိနှိုင်းဆွေးနွေးကာ ပြည်တွင်းဆန်စပါးဈေးကွက် တည်ငြိမ် စေရေးနှင့် ပြည်တွင်း ဆန်ဖူလုံစေရေးအလို့ငှာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် ပြည်ပတင်ပို့ ရောင်းချမှုကိုလည်း Exporter များနှင့် ညှိနှိုင်းဆွေးနွေးပြီး စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား အကြံပြု တင်ပြသွားမည်ဟု ထုတ်ပြန်ချက်ထဲတွင် ထည့်သွင်းကြေညာထားသည်။

နိုင်ငံတော်အစိုးရနှင့် တခြားသော အဖွဲ့အစည်းများတွင်လည်း အရန်ဆန် စီစဉ်ထားမှုရှိပြီး လတ်တလောတွင် ပြည်တွင်းမှာ ဖြန့်ဖြူး ရောင်းချနေသည့် ဆန်ကုန်သည်စက်ပိုင်များအနေနှင့် ပစ္စည်းမှန်ဈေးနှုန်းမှန်ဖြင့် ရောင်းချနေခြင်းကြောင့် စိုးရိမ် ပူပန်စရာ အခြေအနေ မဟုတ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ အထက်ပါ အခြေအနေများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ မဇ္ဈိမကဆက်သွယ်မေးမြန်းသော်လည်း အစည်းအဝေးလုပ်နေဆဲသာဖြစ်ကြောင်း ပြန်လည်ဖြေဆို လာခြင်းကြောင့် တစ်စုံတစ်ရာမသိရသေးပေ။

**Source:** http://www.mizzimaburmese.com/article/68079

## အကျကြမ်းခဲ့သော ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် စက်သုံးဆီဈေးကွက်

ယခုအပတ် တနင်္လာနေ့က နိုင်ငံတကာဈေးကွက်များဖွင့်ချိန်တွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် ၂၅ % အထိ ရုတ်ချည်း ထိုးကျခဲ့ရာ ၄ နှစ်ကျော်အတွင်း အနိမ့်ဆုံးအထိရောက်ရှိခဲ့ပြီး ၁၉၉၁ ခုနှစ်နောက်ပိုင်း တစ်နေ့တာဈေးအများဆုံး ကျဆင်းမှုအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။ ကမ္ဘာ့ရေနံထိပ်တန်းထုတ်လုပ်သည့် နိုင်ငံများဖြစ်သော ဆော်ဒီအာရေဗျနှင့် ရုရှားအပါအဝင် ရေနံထုတ်လုပ်တင်ပို့သောနိုင်ငံများအကြား ထုတ်လုပ်မှုကန့်သတ်ရန် သဘောတူညီမှုမရဖြစ်ခဲ့သည့်နောက် ဈေးကွက်ဝေစု ပြိုင်ဆိုင်မှုအဖြစ် ဈေးကစားပွဲစတင်ရာမှ ရေနံဈေးနှုန်းများ ထိုးကျခဲ့ရခြင်းဖြစ်သည်။တနင်္လာနေ့က ရေနံဈေး

အကျကြမ်းခဲ့သည့်နောက် အင်္ဂါနေ့တွင် ရုရှားက ဆော်ဒီအာရေဗျအပါအဝင် ရေနံထုတ်လုပ်တင်ပို့သောနိုင်ငံများအဖွဲ့ OPEC နှင့် ဆွေးနွေးညှိနှိုင်းမည်ဟုဆိုလာပြီး လတ်တလော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့်အထိနာသော ကမ္ဘာ့စီးပွားရေးကို ပြန်လည်ကုစားမြှင့်တင်မည့် အစီအစဉ်များပေါ်လာရန်လည်းရှိနေသဖြင့် ရေနံဈေး ၁၀ % ပြန်တက်ခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံစီးပွားရေးအပေါ် ဗိုင်းရပ်စ်ပိုးဂယက်ရိုက်ခတ်မှုကို ကာကွယ်မည့် အရေးပါသော အစီအမံများ ဆောင်ရွက်မည်ဟုဆိုလာပြီး ဂျပန်အစိုးရကလည်း ဗိုင်းရပ်စ်ပြဿနာကို ကုစားကိုင်တွယ်ရန်အတွက် ဒေါ်လာ ၄ ဘီလီယံကျော်ကို ဒုတိယအကြိမ်အဖြစ် သုံးစွဲမည်ဟုကြေညာထားသည်။ ရုရှားရေနံဝန်ကြီးက ဈေးကွက်တည်ငြိမ်ရေးအတွက် OPEC အဖွဲ့ဝင်နိုင်ငံများနှင့် မေ-ဇွန် အစည်းအဝေးတွင် ညှိနှိုင်းမည်ဟုဆိုသော်လည်း ဗိုင်းရပ်စ်ကြောင့် ရေနံဝယ်အားထိခိုက်မှုအပေါ် ဖြေရှင်းမည့် သဘောတူညီမှုတစ်စုံတစ်ရာမရှိပါက ဆွေးနွေးပွဲကျင်းပရန်မလိုဟု ဆော်ဒီစွမ်းအင်ဝန်ကြီးက တုံ့ပြန်ပြောဆိုသည်။

ဈေးကွက်လေ့လာဆန်းစစ်သူများက ဗိုင်းရပ်စ်ပြဿနာကြောင့် ရေနံဝယ်လိုအားအပေါ် ဆက်လက် ထိခိုက်ရန် ရှိနေသဖြင့် ဈေးအတက်တိုင်းသည် ယာယီသာဖြစ်နိုင်သည်ဟုဆိုထားသည်။ သို့သော် ရေနံဈေးအပြိုင်ချပြီး ဈေးကစားသည့်ကိစ္စ ပြန်ပြေလည်သွားနိုင်ခြင်းနှင့် အမေရိကန်က ၎င်း၏ရေနံထုတ်လုပ်မှုလျှော့ချလာနိုင်ခြင်းတို့ကြောင့် ဈေးပြန်တက်လာမည်ဟု မျှော်လင့်ထားသူများလည်းရှိနေသည်။ မြန်မာပြည်တွင်း၌လည်း ကမ္ဘာ့ရေနံဈေး ထိုးကျမှုနှင့် ဒေါ်လာ-ကျပ်ငွေလဲနှုန်း သိသာစွာ ကျဆင်းမှုတို့ကြောင့် စက်သုံးဆီဈေးနှုန်းများ လိုက်ပါ ကျဆင်းလာကြောင်းတွေ့ရသည်။

**Source: Business Standard, Local News**

https://www.facebook.com/gromaxxmyanmar/posts/4927999914133l0?__tn__=K-R

## စင်ကာပူ၏ စီးပွားရေးသည် ၂၀၂၀ ခုနှစ်၊ ပထမ(၃)လပတ်အတွင်း ၀.၈ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်မှ စီးပွားရေးပညာရှင်များနှင့် စိစစ်ရေးမှူးများက ပြုလုပ်ခဲ့သော (၃)လပတ် စစ်တမ်းအရ စင်ကာပူ၏စီးပွားရေးသည် ၂၀၂၀ ခုနှစ်၊ ပထမ(၃)လပတ် တွင် ၀.၈ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်းနှင့် ယင်းအားရဖွယ်မရှိသော အစပိုင်းအခြေအနေက ၂၀၂၀ ခုနှစ် တစ်နှစ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၀.၆ ရာခိုင်နှုန်း သာ ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။

အဆိုပါခန့်မှန်းချက်များအတွက် အဓိကအကြောင်းရင်းတစ်ခုမှာ COVID-19 ရောဂါပြန့်ပွား သည့်အခြေအနေကြောင့် ဖြစ်သော်လည်း စစ်တမ်းမေးခွန်းလွှာများဖြန့်ဝေခဲ့သော ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ယခုကဲ့သို့ ကမ္ဘာအနှံ့အပြား ရောဂါပိုမို ပြန့်ပွားနေမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှု တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည့် လက်ရှိအခြေအနေ များကို ထည့်သွင်းစဉ်းစားမှုမပြုခဲ့သေးကြောင်း၊ ၂၀၂၀ ခုနှစ် တစ်နှစ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကိုမူ ယခင်ခန့်မှန်းချက် ၁.၅ ရာခိုင်နှုန်းထက် များစွာလျှော့ချခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကုန်သွယ်ရေးတင်းမာမှု မြင့်တက်လာနိုင်ဖွယ် အခြေအနေ၊ နိုဝင်ဘာလတွင်ပြုလုပ်မည့် အမေရိကန်သမ္မတရွေးကောက်ပွဲအပါအဝင် ပထဝီနိုင်ငံရေးအခြေအနေများအပေါ် စိုးရိမ်မှုများကိုလည်း ဖော်ပြထားပါသည်။

စစ်တမ်းအရ ၂၀၂၀ ခုနှစ်၌ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း၊ လက်ကားကုန်သွယ်မှုနှင့် လက်လီ ရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍများတွင် ၀.၇ ရာခိုင်နှုန်း၊ တည်းခိုနေထိုင်ရေးနှင့် အစားအစာဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ တွင် ၁.၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းနိုင်ကြောင်းနှင့် ၂၀၂၁ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂ ရာခိုင်နှုန်းသို့ ပြန်လည် ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## စီးပွားရေးကိုလှုံ့ဆော်နိုင်ရန် ဒုတိယအစီအမံဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူ ဒုတိယဝန်ကြီးချုပ်ပြောကြား

လက်ရှိ ဖြစ်ပွားနေသော COVID – 19 ရောဂါကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက် အခဲများကို ဒုတိယအစီအမံဖြင့် ဆက်လက်ကူညီထောက်ပံ့ပေးနိုင်ရန် လွန်ခဲ့သော ၁၀ ရက်ခန့် ကတည်းက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ၁၁ – ၃ – ၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် "ဘတ်ဂျက်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ"၌ စင်ကာပူဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr Heng Swee Keat က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းအနေဖြင့် ပါလီမန်တွင် ၂၀၂၀ ဘတ်ဂျက်နှင့်စပ်လျဉ်း၍ မိန့်ခွန်း ပြောကြားခဲ့သည့်အချိန် မှစ၍ ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေတို့မှာ ပိုမိုဆိုးဝါးလာခဲ့ကြောင်းကိုသိရှိကြောင်း၊ သို့ပါ၍ အစိုးရမှ နောက်ထပ်အစီအမံများဖြင့် အထောက်အပံ့ပေးနိုင်ရေး လိုအပ်လာကြောင်းကို ဝန်ကြီးချုပ်နှင့်လည်း ၁၀ – ၃ – ၂၀၂၀ ရက်နေ့တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အသိပေးကြေညာခဲ့သော "စီးပွားရေးတည်ငြိမ်ရေး၊ စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများအား အထောက်အကူပြုရေးအစီအမံ (စင်ကာပူဒေါ်လာ ၄ ဘီလီယံ)" နှင့်ဆင်တူသည့် ဒုတိယအစီအမံကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး၊ အဓိကအားဖြင့် လုပ်သားများ၏အလုပ်အကိုင်တည်မြဲရေးနှင့် အသေးအသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် ဦးစားပေးကူညီနိုင်ရန်ဖြစ်ကြောင်း၊ ဒုတိယအစီအမံတွင် ပိုမိုကျယ်ပြန့်သော အစီအစဉ်များပါဝင်မည်ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းများက အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေး အစီအစဉ်များ၊ ဤအခက်အခဲကာလအတွင်း လုပ်ငန်းများရှင်သန်ရပ်တည်နိုင်ရေးအတွက်သာမဟုတ်ဘဲ နောက်ပိုင်းတွင်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုယ်ပိုင်အလုပ်အကိုင်ဖြင့် ရပ်တည်ဆောင်ရွက်နေသော လုပ်သားများနှင့် လုပ်သားအင်အား လျှော့ချခြင်းခံရသော လုပ်သားများအတွက်လည်း ကူညီပေးမည့်အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးသဘောမှာ ကဏ္ဍတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်မှုရှိသည့်အတွက် လုပ်သားများ အလုပ်အကိုင်တည်မြဲပါက ရရှိသောဝင်ငွေဖြင့် ဝယ်ယူသုံးစွဲမှုများ ဆက်လက်ပြုလုပ်နိုင်မည်ဖြစ်သောကြောင့် ဆက်စပ်ကဏ္ဍများအပေါ် ကောင်းကျိုးဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လတ်တလောဆောင်ရွက်ခဲ့သည့် အများပြည်သူအတွက် တစ်ကိုယ်ရေသန့်ရှင်းမှု ကောင်းမွန်စေရေးအစီအမံ "SG Clean" ကဲ့သို့သော အစိုးရ၏အစီအမံသည်ပင် စားသုံးသူများ၏ ယုံကြည်မှုနှင့်သုံးစွဲမှုများ မြင့်တက်လာစေရေးအတွက် အထောက်အကူပြုကြောင်း၊ ဒုတိယအစီအမံအတွက်လိုအပ်ပါက ယခင်အစိုးရသက်တမ်း၏ အရန်ရန်ပုံငွေလက်ကျန်ကို သုံးစွဲသွားမည်ဖြစ်ပြီး၊ လက်ရှိအစိုးရ သက်တမ်းတွင် ဘတ်ဂျက်ပိုလျှံငွေမှာ စင်ကာပူဒေါ်လာ ၇.၇ ဘီလီယံရှိကြောင်း ဒုတိယဝန်ကြီးချုပ် က ပြောကြားခဲ့ပါသည်။

ဆက်လက်ထောက်ပံ့ပေးသွားမည့် ဒုတိယအစီအမံသည် စင်ကာပူဒေါ်လာ ၄ ဘီလီယံ တန်ဖိုးရှိသော ပထမအစီအမံ ထက် တန်ဖိုးအားဖြင့်များနိုင်ကြောင်းနှင့် အထူးသဖြင့် ပထမအစီအမံတွင်ပါရှိပြီးသော အစီအစဉ်များကို ပိုမိုတိုးချဲ့ ထောက်ပံ့ပေးသွားမည်ဟုထင်မြင်ကြောင်း ပြင်ပစီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားကြပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

# STOCK EXCHANGE (16.3.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 16th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 4,857 | 53,454,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 17,611 | 66,921,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,500 | 22,500 | 22,000 | 103 | 2,268,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1,101 | 3,137,850 | 12,823,224 | 36,546 |

## Market summary

As of 16th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.53 | +0.00 | +0.00% | 464.43 | 464.43 | 454.53 | 23,673 | 125,790,350 | 5 | 622,390 |

### Index chart




## Market Overview

As of 12:00 pm, 16th Mar. 2020

| MYANPIX | 455.43 ▲ 0.90 |
|---|---|
| Total Volume (shares) | 16,818 |
| Total Value (MMK) | 86 mil |
| Listed Company | 5 |
| Market Cap. (MMK) | 623,626 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |